Evangelism Explosion

# JUST

NOTE

# ဧဝံဂေလိ ဝေငှခြင်း နည်းလမ်း #၁၀

## ၁။ မိတ်ဆွေဖွဲ့ခြင်း

(က) သူတို့၏ နေ့စဉ် အသက်တာ၊လောကီဘဝ

(ခ) သူတို့၏ ဘာသာရေး နောက်ခံ

(ဂ) ကိုယ်ပိုင် သက်သေခံချက်

» အကူးအပြောင်း - မိတ်ဆွေ၊ မေးခွန်းတစ်ခုလောက်မေးပါရစေ။

**(ဃ)တိကျသေချာသော မေးခွန်း**

မိတ်ဆွေအနေနဲ့ ဒီညမှာပဲ သေဆုံးသွားခဲ့ရင် ကောင်းကင်နိုင်ငံ၊ ထာဝရကောင်းရာကို ရောက်နိုင်တဲ့ စိတ်ချမှု ရှိပြီးပြီးလား။

**(င) အကြောင်းပြချက် မေးခွန်း**

မိတ်ဆွေ ဘယ်လို လုပ်ရင် ထာဝရအသက်ကို ရရှိပြီး ကောင်းကင်နိုင်ငံသို့ သွားနိုင်မယ်လို့ ထင်ပါသလဲ။

» အကူးအပြောင်း - မိတ်ဆွေရဲ့ အဖြေကိုကြားရတဲ့အခါ မိတ်ဆွေကို အကောင်းဆုံးသော သတင်းကောင်းကို ဝေငှချင်လာတယ်။ အဲဒီ သတင်းကောင်းကတော့ .....

## ၂။ သတင်းကောင်း

**(က) ကျေးဇူးတော်**

၁) ထာဝရအသက်ဆိုတာ အဖိုးအခပေးဖို့မလိုပဲ ပေးသနားတော်မူတဲ့ ဘုရားသခင်ရဲ့လက်ဆောင်ဖြစ်ပါတယ်။

၂) (ဒါ့ကြောင့်) ထာဝရအသက်ကို ငွေကြေးအားဖြင့်၊ ကုသိုလ်ကောင်း

မှုအားဖြင့်၊ ထိုက်တန်လို့ ရတဲ့အရာ မဟုတ်ပါ။

* ဖေက် ၂း၈-၉
* နေရောင်ခြည်၊ လေ၊ ရေ သာဓက

» အကူးအပြောင်း - ဒါဆို ဘုရားသခင်က ထာဝရအသက်ကို ဘာကြောင့် လက်ဆောင်အဖြစ်နဲ့ ပေးသနားရတာလဲ။ ဒါကိုတော့ သမ္မာကျမ်းစာက လူသားတွေ နဲ့ပတ်သက်ပြီး ဖော်ပြထားတာကို ကောင်းစွာ နားလည်တဲ့အခါ အနည်းငယ် ပိုပြီး ရှင်းလင်းသွားမှာဖြစ်တယ်။

## (ခ) လူသား

၁) လူဟာ အပြစ်သားပါ။

၂) (ဒါ့ကြောင့်) အပြစ်သားက သူ့ကိုသူ ကယ်တင်လို့မရပါ။

* ရောမ ၃း၂၃
* အပြစ်ရဲ့ အဓိပ္ပါယ် ဖွင့်ဆိုချက် နဲ့ တစ်နေ့သုံးကြိမ် ပြစ်မှားခြင်း သာဓက

» အကူးအပြောင်း - ဒါဆို ဒီလို အပြစ်သားက ဘယ်လို လုပ်ပြီး ထာဝရအသက်ကို လက်ဆောင်အဖြစ် ရရှိနိုင်ရတာလဲ။ ဒါကိုတော့ သမ္မာကျမ်းစာက ဘုရားသခင်နဲ့ ပတ်သက်ပြီး ဖော်ပြထားထာကို နားလည်တဲ့အခါ ပိုပြီး ရှင်းလင်းသွားပါလိမ့်မယ်။

## (ဂ) ဘုရားသခင်

၁) ဘုရားသခင်သည် သနားခြင်းဂရုဏာနှင့်ပြည့်စုံလို့ ကျွန်ုပ်တို့ကို အပြစ်ပေးဖို့ အလိုမရှိပါဘူး။

၂) (ဒါပေမဲ့) ဘုရားသခင်က ဖြောင့်မတ်တော်မူတဲ့အတွက်ကြောင့် သေချာပေါက် အပြစ်ကို စီရင်ရမှာ ဖြစ်ပါတယ်။

* ရှင်ယောဟန်ခရစ်ဝင် ၄း၈ (ခ)၊ ထွက်မြောက်ရာ ၃၄း၇ (ခ)
* ဂါ(ရ်)ရှား သာဓက

» အကူးအပြောင်း - သနားခြင်းဂရုဏာရှင်ဖြစ်တော်မူသည်သာမက ဖြောင့်မတ်တော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်တွေကို ယေရှုခရစ်တော် အားဖြင့် တစ်ကြိမ်ထဲတွင် ဆေးကြောခဲ့ပါတယ်။

NOTE

NOTE

## (ဃ) ယေရှု ခရစ်တော်

၁) ယေရှုခရစ်တော်သင် ဘုရားသားတော်ဖြစ်တော်မူသည်သာမက လူ့ဇာတိခံ-လူသားလည်း ဖြစ်တော်မူတယ်။

၂) ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ ထာဝရအသက်ကို လက်ဆောင်အဖြစ် ပေးဖို့ ကားတိုင်တော်ထက်မှာ အသေခံတော်မူခဲ့ပြီး ကျွန်ုပ်တို့ရဲ့ အပြစ်ကြွေးတွေကို ကိုယ်တိုင်ပေးဆပ်ခဲ့ပြီး ပြန်လည်ရှင်ပြန်ထမြောက်တော်မူခဲ့ပါတယ်။

* ဟေရှာယ ၅၃း၆

* အပြစ်မှတ်တမ်း စာအုပ် သာဓက

» အကူးအပြောင်း - ဒီ ထာဝရအသက်ရဲ့ လက်ဆောင်ကို ယေရှုခရစ်တော်တစ်ပါးတည်းအားဖြင့်သာ ယုံကြည်ခြင်းဖြင့် လက်ခံရရှိနိုင်ပါတယ်။ (ဒါပေမဲ့ အမှန်တကယ် အရေးကြီးတဲ့ အရာကတော့....)

## (င) ယုံကြည်ခြင်း

၁) လူ့ ဦးနှောက်၊ အသိတရားနဲ့မျှသိခြင်း၊ ယာယီ ခဏယုံကြည်ခြင်းနဲ့တော့ ကယ်တင်ခြင်း ရရှိနိုင်တဲ့ ယုံကြည်ဖြင်းမျိုးမဟုတ်ပါ။

၂) ကယ်တင်ခြင်းရနိုင်တဲ့ တစ်ခုတည်းသော ယုံကြည်ခြင်းကတော့ ငါတို့အတွက် ယေရှုခရစ်တော် တပါးတည်းကိုသာလျှင် ယုံကြည်ကိုးစားခြင်းပဲဖြစ်ပါတယ်။

* တမန်တော် ၁၆း၃၁

* ကုလားထိုင်၏ သာဓက

» အကူးအပြောင်း - (မိတ်ဆွေ) အနေနဲ့ ထာဝရအသက်ကို လက်ဆောင်အဖြစ်ရရှိပြီး ကောင်းကင်နိုင်ငံသို့ ဝင်ရောက်နိုင်ဖို့ဆိုရင် ကောင်းမှုကုသိုလ်ကို အမှီပြုခြင်းမှ ယေရှုခရစ်တော်တစ်ပါးတည်းအား ယုံကြည်ကိုးစားခြင်းသို့ ပြောင်းလဲရမှာဖြစ်ပါတယ်။

# ၃။ ဆက်ကပ်အပ်နှံခြင်း

## (က) ပြန်လည် စိစစ်ခြင်း မေးခွန်း

မိတ်ဆွေ၊ သေချာ နားလည်လိုက်ပါသလား။

## (ခ) ဆက်ကပ်အပ်နှံခြင်း မေးခွန်း

မိတ်ဆွေ၊ ဒီ ထာဝရအသက် လက်ဆောင်ကို လက်ခံရရှိလိုပါသလား။

## (ဂ) ဆက်ကပ်အပ်နှံခြင်း ရှင်းပြချက်

မိတ်ဆွေ၊ တကယ်ပဲ အရေးကြီးတဲ့ ဆုံးဖြစ်ချက်ကို ချမှတ်လိုက်ပါပြီ။ အခုချိန်ကစပြီး မိတ်ဆွေရဲ့ ဆုံးဖြတ်ချက်က ဘာအဓိပ္ပါလဲဆိုတာ အနည်းငယ် ပြောပြပါမယ်။

၁. ထာဝရအသက်ကို ရရှိဖို့ဆိုရင် မိမိကိုယ်ကို မကိုးစားပဲ ယေရှုခရစ်တော်တစ်ပါးတည်းကိုသာလျှင် ကိုးစားယုံကြည်ရပါမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။

၂. ရှင်ပြန်ထမြောက်တော်မူသော ယေရှုခရစ်တော်အား ကယ်တင်ပိုင်ရှင် အဖြစ်လည်းကောင်း၊ အသက်တာရဲ့ သခင်အရှင် အဖြစ်လည်းကောင်းလက်ခံပါမည်ဆိုသော အဓိပ္ပါယ်ဖြစ်ပါတယ်။

၃. မိမိကပြုခဲ့သော အပြစ်များကို နောင်တရ၍ အသက်တာကို ဘုရားဘက်သို လှည့်ပြန်ပါမည်ဆိုသော အဓိပ္ပါယ်ဖြစ်ပါတယ်။

## (ဃ) ဆက်ကပ်အပ်နှံ ဆုတောင်းခြင်း

မိတ်ဆွေ၊ ဘုရားသခင်က ကျွန်ုပ်တို့ရဲ့ ဆုတောင်းသံကို နားညောင်းတော်ပါတယ်။
ကျနော်နောက် လိုက်ဆိုပြီး တစ်ခွန်းခြင်းဆီ ဆုတောင်းကြည့်ရအောင်နော်။

အဖဘုရား/ အခုအချိန်ထိ ကျွန်ုပ်သည်/ မိမိကိုယ်ကိုသာ ကိုးစားပြီး အသက်ရှင်လာခဲ့သော အပြစ်သားဖြစ်ပါတယ်။/ ကျွန်ုပ်အပြစ်များကို ခွင့်လွှတ်တော်မူပါ။/ ယေရှုခရစ်တော်သည် ကျွန်ုပ် အပြစ်ကြောင့်/ ကားတိုင်တော်ထက်မှာ အသေခံတော်မူခဲ့ပြီး/ ရှင်ပြန်ထမြောက်တော်မူခဲ့ခြင်းကို ယုံကြည်ပါ၏။/ ယနေ့ ဒီအချိန်တွင်/ ကျွန်ုပ်ရဲ့ နှလုံးသား

NOTE

NOTE

တံခါးအား ဖွင့်ထားပါ၏။/ ယေရှုခရစ်တော် ဝင်ရောက်လျက် ကိန်းဝပ်တော်မူပြီး/ ကျွန်ုပ်ရဲ့ ကယ်တင်ပိုင်ရှင်/ အသက်တာရဲ့ အရှင်သခင်အဖြစ် အုပ်စိုးတော်မူပါ။/ ယခုအချိန်မှစပြီး ကျွန်ုပ်သည် / ဘုရားမျက်မှောက်တော်မှာ ရပ်နေရမည့် အချိန်အထိ/ ကျွန်ုပ်ရဲ့ အသက်တာကို လမ်းပြတော်မူပါ။/ ယေရှုနာမ၌ ဆုတောင်းပါ၏။/ အာမင်

## (c) ကယ်တင်ခြင်း စိတ်ချမှု

ယခု ဆုတောင်းခဲ့တဲ့ အဓိပ္ပါယ်က ဘာကို ဆိုလိုသလဲဆိုတာ ယေရှုခရစ်တော်ဘုရား ကိုယ်တိုင် မိန့်တော်မူခဲ့သော နှုတ်ကပတ်တော်ကို ဖတ်ကြည့်ရင် ပိုကောင်းပါလိမ့်မယ်။

* ရှင်ယောဟန်ခရစ်ဝင် ၆း၄၇

## ၄။ ချက်ချင်းလုပ်ဆောင်ရန် နောက်ဆက်တွဲလုပ်ငန်းများ

**(က) ချီးမွမ်းခြင်း**

ဒီနေ့ မိတ်ဆွေက ယေရှုခရစ်တော်ကို ယုံကြည်ပြီး ထာဝရအသက်ရရှိပြီဖြစ်တဲ့ ဘုရားသားဖြစ်လာခြင်းကို ဂုဏ်ပြုချီးကျူးပါတယ်။

**(ခ) အတူတကွ ကြီးထွားကြမယ်။**

**(ဂ) ဝိညာဉ်ရေးဆိုင်ရာ ကြီးထွားခြင်း (၅) ရပ် -**

၁. သမ္မာကျမ်းစာလေ့လာခြင်း (၇ ရက်အတွင်းပြန်လည် ချိန်းဆိုပါ)

၂. ဆုတောင်းခြင်း

၃. ဝတ်ပြုခြင်း

၄. မိတ်သဟာရဖွဲ့ခြင်း

၅. သက်သေခံခြင်း

**(ဃ) ဘုရားကျောင်းတက်ရန် ချိန်းဆိုခြင်း**

**(င) အဆုံးသတ် ဆုတောင်း**

NOTE

NOTE

# ဖော်ဂေလီ အစအဆုံး ဝေငှခြင်း #၁၀

## ၁။ မိတ်သဟာရဖွဲ့ခြင်း

(ကျွန်ုပ်တို့ အသင်းတော်တွင် လူသစ်များ လာရောက်ဝတ်ပြုသော အခြေအနေတွင်)

### (က) သူတို့၏ လောကီဘဝ

ဝေငှသူ ៖ (ဒင်းဒေါင်! တံခါး ဘဲလ် နှိပ်လျှက်) လူရှိပါသလား။

ဝေငှခံရသူ ៖ ဘယ်သူပါလဲ။

ဝေငှသူ ៖ မင်္ဂလာပါ။ ဖုန်းထဲကနေ တွေ့ဖို့ ချိန်ထားတဲ့ 0000ဘုရားကျောင်း 0000 အသင်းသားပါခင်ဗျာ။

ဝေငှခံရသူ ៖ စောင့်နေတာ။ လာ အထဲဝင်လာ။

ဝေငှသူ ៖ ကျေးဇူးတင်ပါတယ်။

ဝေငှခံရသူ ៖ ဒီမှာ ထိုင်ပါရှင့်/ခဗျာ။

ဝေငှသူ ៖ အရင်ထိုင်ပါ ကျွန်တော်တို့လည်း ထိုင်ပါမယ်။ အလုပ်များနေမယ်ထင်တယ် အချိန်ပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အဖသင်းအုပ်ဆရာက သေချာပေါက်လာတွေ့ပြီး မိတ်သဟာရဖွဲ့ပါဆိုလို့ အခုလို လာရောက်တွေ့ဆုံရခြင်းပါ။ ဒီပုဂ္ဂိုလ်ကတော့ 0000 သင်တန်းသား ဖြစ်ပြီး ဒီပုဂ္ဂိုလ်ကတော့ 0000 သင်တန်းသားပဲဖြစ်ပါတယ်။ ဘယ်ကတည်းက ဒီမှာ နေသလဲ။

ဝေငှခံရသူ ៖ လွန်ခဲ့တဲ့ ၅ နှစ်လောက်ကတည်းကပြောင်းလာခဲ့တာပါ။

ဝေငှသူ ៖ ဪ .. ဟုတ်လား။ အိမ်က အရမ်း လင်းလင်းထင်းထင်းရှိပြီး လှလှလေးလုပ်ထားတာပဲနော်၊ လက်ယာ အရမ်းကောင်းတယ်နော်။

ဝေငှခံရသူ ៖ မဟုတ်တာပါ။ အရမ်း အမွန်းတင်လွန်းပါတယ်။

(*မိတ်ဆွေဖွဲ့ခြင်း အခန်းမှာ မိတ်ဆက်ခဲ့သလို စူးစမ်းစပ်စုခြင်း၊ မေးခွန်းမေးခြင်း၊ စိတ်ပါဝင်စားစွာနားထောင်ပေးခြင်း၊ ချီးမွမ်းပြောဆိုခြင်းဖြင့် အသက်ရှင်မှု ပုံစံနဲ့ပတ်သက်ပြီး အလပသလာဘ စကားပြောဆိုကြပါမယ်။ သွားရည်စာများ ဖြင့် ဧည့်ခံတဲ့ အခါဆိုရင်တော့ ကျေးဇူးတင်တဲ့ စိတ်နဲ့ သုံးဆောင်ပြီး စကားစမြည် ပြောဆိုကြပါ။)

## (ခ) သူတို့၏ ဘာသာရေးနောက်ခံ

ဝေငှသူ ៖ ဘယ်အချိန်ကစပြီး ခရစ်ယာန်ဖြစ်လာပါသလဲ။

ဝေငှခံရသူ ៖ သူငယ်ချင်းရဲ့ ဖိတ်ကြားမှုကြောင့် ဒီနှစ်ကစပြီး ဘုရားကျောင်း သွားဖြစ်ခဲ့ပါတယ်။

ဝေငှသူ ៖ ဩော် .. အဲသလိုကိုး။ ကျွန်တော့် အကြောင်းအနည်းငယ် ပြောပြလို့ရမလား၊

ဝေငှခံရသူ ៖ ဟုတ်ကဲ့ ပြောပါ။

## (ဂ) ကိုယ်ပိုင် သက်သေခံချက်

* ရှင်ပေါလု ရဲ့ သက်သေခံနည်း

၁. ထာဝရအသက်၊ (ထာဝရအသက်ဆိုတာ မသေဘဲ ထာဝရ အမြဲ အသက်ရှင်ခြင်းကို ဆိုလိုပါတယ်။)
ထာဝရ အသက်ကို မရခင်မှာ ကျနော်ဟာ အမြဲတမ်းလို (သေခြင်းကို ကြောက်ရွံ့)စိတ် နဲ့ပဲ အသက်ရှင်နေခဲ့တယ်။ (ကျစ်လစ်တိကျသော ရှင်းပြမှုဖြင့်)

၂. ဒါနဲ့ တစ်နေ့သောအခါ ထာဝရအသက်ကို ရရှိခဲ့ပါတယ်။

၃. ဘယ်အရာနဲ့မှ နှိုင်းလို့မရသော ပျော်ရွှင်မှုကတော့ ကျွန်တော်ဟာ ထာဝရအသက်ကိုရရှိပြီးဖြစ်တာကြောင့် တကယ်လို့ ဒီနေ့မှာပဲ ဒီလောကြီးကနေထွက်ခွာသွားခဲ့ရင်လည်း ကောင်းကင်နိုင်ငံတော်ကို ဝင်ရောက်နိုင်တဲ့ ယုံကြည်စိတ်ချမှု အပြည့် ရှိနေလို့ပဲဖြစ်ပါတယ်။

* တိမောသေရဲ့ သက်သေခံနည်း

၁. ထာဝရအသက်၊ (ထာဝရအသက်ဆိုတာ မသေဘဲ ထာဝရ အမြဲ အသက်ရှင်ခြင်းကို ဆိုလိုပါတယ်။)
ထာဝရအသက် ရရှိတယ်ဆိုတဲ့ သိစိတ်က ကျနော်ကို ဘယ်လောက်တောင်မှ အားအင်ဖြစ်စေလည်းဆိုတာ ပြောမပြတတ်လောက်အောင်ပါပဲ။ (ကျစ်လစ်တိကျသော ရှင်းပြချက်ဖြင့်)

NOTE

NOTE

၂. ဘယ်အရာနဲ့မှ နှိုင်းလို့မရသော ပျော်ရွှင်မှုကတော့ ကျနော်ဟာ ထာဝရအသက်ကိုရရှိပြီးဖြစ်တာကြောင့်
တကယ်လို့ ဒီနေ့မှာပဲ လောကကနေထွက်ခွာသွားခဲ့ရင်လည်း ကောင်းကင်နိုင်ငံတော်ကို ဝင်ရောက်နိုင်တဲ့ ယုံကြည်စိတ်ချမှု အပြည့် ရှိနေလို့ပဲဖြစ်ပါတယ်။

» အကူးအပြောင်း - မိတ်ဆွေ၊ မေးခွန်းတစ်ခုလောက်မေးလို့ရမလား၊

## (ဃ) စိတ်ချသေချာမှု မေးခွန်း

ပေးသူ ៖ မိတ်ဆွေအနေနဲ့ အကယ်၍ ဒီနေ့မှာပဲ ဒီလောကကြီးကနေ ထွက်ခွာ သွားခဲ့ရင် ကောင်းကင်နိုင်ငံကို ရောက်နိုင်မယ့်စိတ်ချမှု ရှိပါသလား။

¤ {"ဟုတ်ကဲ့"ဟု ဖြေသောအခါ၊}

ပေးခံရသူ ៖ ဟုတ်ကဲ့ သိပ် သေချာတာပေါ့။
ပေးသူ ៖ အင်း ဒီလို သေချာမှုရှိတဲ့လူက များများစားစား မရှိပေမယ့် တကယ်ပဲ ဝမ်းသာရပါတယ်။ မိတ်ဆွေအနေနဲ့ ဒီလိုစိတ်ချမှုကို ဘယ်လိုလုပ် ရရှိခဲ့တာဘာလဲ။
ပေးခံရသူ ៖ (သူ့ရဲ့ပြောကြားချက်ကြားရပြီးနောက်) ကောင်းကောင်း နားထောင်ခဲ့ပါပြီ။

* သမ္မာကျမ်းစာက ရေးသားမှတ်တမ်းတင်ထားရတဲ့ ရည်ရွယ်ချက်

ပေးသူ ៖ သမ္မာကျမ်းစာကတော့ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ကို သိစေခြင်းငှာ၊ ငါသည် သင်တို့အား ငါရေး၍ ပေးလိုက်၏"ဟု ၁ယော ၅း၁၃ ကဆိုထားပါတယ်။ သမ္မာကျမ်းစာမှ ရေးသားမှတ်တမ်း တင်ထားရတဲ့ အကြောင်းရင်းကတော့ ကျွန်ုပ်တို့ကို ထာဝရ အသက်ရှိကြောင်းကို အသိပေးလိုခြင်းဖြစ်ပြီး စိတ်ချမှုလည်းရှိစေဖို့ပဲဖြ စ်ပါတယ်။ မိတ်ဆွေ၊ ကျွန်တော် ဘယ်လိုလုပ် ကယ်တင်ခြင်းစိတ်ချမှု ရရှိခဲ့ သလဲဆိုတာကို ပြောပြလို့ရမလား။
ပေးခံရသူ ៖ ဟုတ်၊ ပြောပါခင်ဗျာ။

» အကူးအပြောင်း - မိတ်ဆွေ၊ ကျနော်မပြောပြခင် တစ်ခုလောက်မေးပါရစေ။

¤ {စိတ်ချမှု မရှိဘူးလို့ ဖြေတဲ့ အခါ.......}

ဧဝေငှသူ ။ သမ္မာကျမ်းစာမှာတော့ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ကို သိစေခြင်းငှာ၊ ငါသည် သင်တို့အား ငါရေး၍ ပေးလိုက်၏"ဟု ၁ယော ၅း ၁၃ က ဆိုထားပါတယ်။ သမ္မာကျမ်းစာမှ ရေးသားမှတ်တမ်းတင်ထားရတဲ့ အကြောင်းရင်းကတော့ ကျနု်ပ်တို့ကို ထာဝရအသက်ရှိကြောင်းကို အသိပေးလိုခြင်းဖြစ်ပြီး စိတ်ချမှုလည်းရှိစေဖို့ ဖြစ်ပါတယ်။

* သာဓက သက်သေခံချက် ( တခြားသော အဖွဲ့ဝင်ထံ)

ဝေငှသူ ။ ဘယ်လိုလဲ။ ဆရာ/ကို ...... ကော အကယ်၍ ဒီနေ့ပဲလောကကြီးကနေ ထွက်ခွါသွားခဲ့ရမယ်ဆိုရင် ကျွန်တော့်လိုပဲ ကောင်းကင်နိုင်ငံတော်ကို ရောက်မယ်လို့ စိတ်ချမှုရှိရဲ့လား။
အဖွဲ့ဝင် ၁း ဟုတ်ကဲ့၊ သိပ်သေချာတာပေါ့။
ဝေငှသူ ။ ကို/မောင် ....... ကော ကယ်တင်ခြင်းစိတ်ချမှုရှိပြီးလား။
အဖွဲ့ဝင် ၂ း ဟုတ်၊ ကျွန်တော်လည်း သေချာ စိတ်ချမှုရှိပါပြီ။
ဝေငှသူ ။ ကျွန်တော်တို့ တွေဟာ ထာဝရအသက် စိတ်ချမှုနဲ့ ဝမ်းမြောက်ခြင်းနဲ့ ပြည့်နေကြတာဖြစ်ပါတယ်။ မိတ်ဆွေလည်း ကျွန်တော်တို့ ဘယ်လို ကယ်တင်ခြင်း စိတ်ချမှုရခဲ့လဲ။ ကျွန်တော်တို့လိုပဲ မိတ်ဆွေလည်း ဘယ်လိုလုပ်ရင် ထာဝရအသက်ကိုရပြီး ကောင်းကင်နိုင်ငံတော်ကို ဝင်ရောက်နိုင်မည့် စိတ်ချမှုရှိနိုင်မလဲဆိုတာကို ပြောပြချင်ပါတယ်။
ဝေငှခံရသူ ။ ဟုတ်ကဲ့ ပြောပါ။

» အကူးအပြောင်း - မိတ်ဆွေကို မပြောပြခင် မေးခွန်းတစ်ခုလောက်မေးပါရစေ။

NOTE

NOTE

### (c) အကြောင်းပြချက်မေးခွန်း

ဝေငှသူ - မိတ်ဆွေအနေနဲ့ ဘယ်လိုလုပ်ရင် ထာဝရအသက်ကို ရပြီး ကောင်းကင်နိုင်ငံသို့ ဝင်ရောက်နိုင်မယ်လို့ထင်လဲ။

ဝေငှခံရသူ ။ ကျွန်တော့် အနေနဲ့တော့ ကောင်းမှုကုသိုလ်ကြောင့်လို့ပဲ ဖြေရမှာပါ။

ဝေငှသူ ။ ဒါကြောင့် မိတ်ဆွေအနေနဲ့ ကောင်းမှုကုသိုလ်အားဖြင့် ဆိုတဲ့ သဘောပေါ့နော်။ ကျွန်တော် ခင်ဗျား အဖြေကို နားကြားမမှားပါဘူးနော်။ (*အဖြေရဲ့ အသွားအလာ ကိုက်ညီမှုရှိမရှိစစ်)

ဝေငှခံရသူ ။ - ဟုတ်။ မမှားပါဘူး။

» အကူးအပြောင်း - မိတ်ဆွေကို မပြောပြခင် မေးခွန်းတစ်ခုလောက်မေးပါရစေ။

## ၂။ သတင်းကောင်း

### (က) ကျေးဇူးတရား

၁. ထာဝရအသက်ဟာ အဖိုးအခမလို ဘုရားပေးသနားတော်မူတဲ့ လက်ဆောင်မွန်ပါ။

၂. (ဒါ့ကြောင့်မို့) ထာဝရအသက်ကို ငွေကြေး၊ ကောင်းမှုကုသိုလ်၊ ထိုက်တန်မှုအားဖြင့် ရတာမဟုတ်ပါဘူး။

* သမ္မာကျမ်းစာက "ကျေးဇူးတော်ကြောင့် ....ကယ်တင်ခြင်းသို့ရောက်ရ၏၊ကိုယ်အလိုအလျောက် ရသည်မဟုတ် ဘုရားသခင် သနားတော်မူရာဖြစ်သတည်း"(ဧဖက် ၂ ။ ၈-၉ ) ဟု ဆိုထားပါတယ်။

* နေခြည်၊ လေ၊ ရေ သာဓက

တကယ်ဆိုရင် ကျွန်တော်တို့ဟာ အသက်ရှင်နေထိုင်ဖို့ လိုအပ်တဲ့ အဓိက အရာတွေအားလုံးဟာ လက်ဆောင် အနေနဲ့ ရရှိကြပါတယ်။ ဥပမာ- နေရောင်ခြည်၊ လေ၊ ရေ စတာတွေဟာ ငွေပေးစရာမလိုဘဲ

လက်ဆောင် အဖြစ် ရရှိကြပါတယ်။ ဒီအတိုင်းပဲ ထာဝရအသက်လည်း ဘုရားသခင်ကိုယ်တော်တိုင် လက်ဆောင်အဖြစ် ကျွန်တော်တို့ကို ပေးတော်မူတာဖြစ်ပါတယ်။

» အကူးအပြောင်း - ဒါဆို ဘာလို့ ဘုရားသခင်ဟာ ထာဝရအသက်ကို လက်ဆောင်အဖြစ်ပေးရတာပါလဲ။ ဒါကိုတော့ လူသားတွေနဲ့ ပတ်သက်ပြီး ပြောပြထားတဲ့ နှုတ်ကပတ်တော်ကို နားလည်တဲ့အခါ ရှင်းရှင်းလင်းလင်း သိနိုင်ပါလိမ့်မယ်။

## (ခ) လူသား

၁. လူသားများဟား အပြစ်သားပါ။

၂. (ဒါကြောင့်မို့) မိမိကိုယ်ကို မကယ်တင်နိုင်ပါ။

* သမ္မာကျမ်းစာထဲမှာတော့ "လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေ ပျက်ကြပြီ"(ရောမ ၃း ၂၃) ဟု ဖော်ပြထားပါတယ်။

* အပြစ်ရဲ့ ဖွင့်ဆိုချက်
သမ္မာကျမ်းစာထဲမှာတော့ အပြစ်ရဲ့ အဓိပ္ပါယ်ကို ဒီလိုဖွင့်ဆိုထားပါတယ်။
ပထမအချက်၊( ခိုးဂုက်ခြင်း၊ သူ့အသက်သတ်ခြင်း၊ လုယက်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်းကဲသို့) မလုပ်ရမယ့် အရာကို လုပ်ခြင်းဟာ အပြစ်ဖြစ်ပြီး ဒုတိယအချက်အနေနဲ့ (မိဘရိုသေခြင်း၊ အိမ်နီးနားခြင်းအား ချစ်ခြင်း ကဲ့သို့သော) လုပ်ဆောင်ရမယ့် အရာကို မလုပ်ခြင်းကလည်း အပြစ်ဖြစ်ပါတယ်။
တတိယအချက်၊ (မာနထောင်လွှားခြင်း၊ ကာမဂုံ ခံစားခြင်း၊ မုန်တီးခြင်း၊ လောဘကြီးခြင်း၊ မနာလိုဖြစ်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း ကဲ့သို့သော) မကောင်းသော စိတ် သို့မဟုတ် အတွေးတွေ တွေးခြင်းကလည်း အပြစ်ဖြစ်စေပါတယ်။
ဒါပေမဲ့၊ ဘုရားသခင်ကို ဘုရားသခင်အဖြစ်နဲ့ မယုံကြည်ခြင်းကတော့ တကယ့်ကြီးမားဆုံးသော အပြစ်ပဲဖြစ်ပါတယ်။

ဧဝံဂေလိ ပေးသူ ၊ ဒီလိုအချက်တွေနဲ့ ကြည့်ရင် မိတ်ဆွေအနေနဲ့ တစ်ရက်မှာ

NOTE

NOTE

ဘယ်နကြိမ် အပြစ်လုပ်တယ်လို့ထင်ပါသလဲ။
ဧဝံဂေလိဆရာ ။ မဟုတ်ပါဘူး ဒါပေမဲ့

ဂေဟခံရသူ ။ အဲလိုတွက်ရင်တော့ တစ်ရက် ၁၀ကြိမ်မက အပြစ်ကို လုပ်မိပါတယ်။

ဂေဟသူ ။ ကျွန်တော်လည်း ခင်ဗျားလိုပါပဲ။ အမှန်က ကျွန်တော်တို့တွေဟာ ကိုယ့်ကိုယ်ကိုတောင် မသိလိုက်ပဲ လုပ်မိတဲ့အပြစ်တွေမှ အများကြီးရှိပါတယ်။

* တစ်နေ့ (၃)ကြိမ် အပြစ်ရဲ့ သာဓက

သမ္မာကျမ်းစာ အခြေခံပြီး ကြည့်တဲ့အခါ လူဟာ တစ်ရက်မှာ ၁၀ကြိမ်၊ ၅ကြိမ်၊ မဟုတ်သေးဘူး ၃ ကြိမ်ပဲ အပြစ်လုပ်တယ်ပဲ တွက်ရအောင်။ အဲဒီလူကို သွားလာနေတဲ့ ကောင်းကင်တမန်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ တစ်နေ့ ၃ ကြိမ်ဆိုရင် တစ်နှစ်မှာ အကြိမ်ပေါင်း ၁၀၀၀ကျော်၊ အသက် ၇၀ အထိရှင်ရင် အကြိမ်ပေါင်း ကိုးသောင်း ကျော် အပြစ်လုပ်မိတဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့ ဒီလောကမှာ မိမိဟာ အပြစ်သားမဟုတ်ပါဘူးလို့ အခိုင်အမာ ပြောနိုင်တဲ့သူ တစ်ယောက်မျှ မရှိပါဘူး။

» အကူးအပြောင်း - ဒါဆိုရင် ဒီလိုအပြစ်သားတွေ ဘယ်လိုလုပ် ထာဝရအသက်ကို လက်ဆောင်အဖြစ် လက်ခံ ရရှိနိုင်ပါ့မလဲ။ ဒါကို သမ္မာကျမ်းစာက ပတ်သက်ပြီး ဖော်ပြထားတာ တွေကို နားလည် သဘောပေါက်တဲ့အခါ ရှင်းလင်းသွားမှာဖြစ်ပါတယ်။

## (ဂ) ဘုရားသခင်

၁. ဘုရားသခင်သည် ဂရုဏာရှင်ဖြစ်တော်မူသောကြောင့် ကျွန်တော်တို့လည်း အပြစ်ခံရဖို့ အလိုမရှိပါ။

၂. (ဒါပေမဲ့) ဘုရားသခင်သည် ဖြောင့်မတ်တော်မူသောကြောင့် သေချာပေါက် ကျွန်တော်တို့အပြစ်ကို စီရင်ရပါလိမ့်မယ်။

* သမ္မာကျမ်းစာကတော့ "ဘုရားသခင်သည် မေတ္တာဖြစ်တော်မူ၏"ဟု (၁ယော ၄း၈၊ ခ)မှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့.... " ..အချီးနီးသက်သက် ဖြေလွှတ်တော်မမူ ထသော ...ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်.. "ဟု(ထွက် ၃၄း၇၊ခ) ဖော်ပြထားပါတယ်။

*ဂါ(ရ်)ရှား (Garcia )သာဓက

စစ်ကာလ အတွင်း ရုရှားနိုင်ငံမှာ အစားအစာတွေ မလုံလောက်လို့ ခိုးယူလုယက်မှုတွေ တဖြည်းဖြည်းနဲ့ ဖြစ်လာခဲ့ပါတယ်။ ဒေါသဖြစ်လာတဲ့ စစ်ဗိုလ်ချုပ် ဂါ(ရ်)ရှား ဟာဆိုရင် အစာရေစာကို ခိုးယူလို့ဖမ်းမိတဲ့ သူကို ပြင်းပြင်းထန်ထန် ကြိမ်ဒဏ်ခတ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါနဲ့ သူခိုးကို မိတဲ့အခါ တစ်ခြားလူမဟုတ် သူ့ရဲ့ မိခင်အရင်အခြာပင်ဖြစ်နေခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးဟာဆိုရင် ဥပဒေအတိုင်း သူချစ်ရတဲ့ မိခင်အပေါ် ကြိမ်ဒဏ်ခတ်လျှင် သေနိုင်ပြီး ဒီအတိုင်းလွှတ်လိုက်လျှင်လည်း လက်အောက်ငယ်သားတွေအပေါ် စစ်တပ်ရဲ့ စည်းမျဉ်းစည်းကမ်းများ မလေးစားရာရောက် ပေမည်။ နောက်ဆုံးမှာတော့ သူချမှတ်ထားတဲ့ စည်းကမ်းအတိုင်း အပြစ်စီရင်ရမယ့်နေ့ သူဟာ သူ့မိခင်ရှေ့မှာ ဂုတ်လုံ့ကိုချတ်လိုက်ပါတယ်။ ပြီးနောက် လက်အောက်ငယ်သားတွေကို အမိန့်ပေးလိုက်ပါတယ်။ "ကျနော်မိခင်အစား ကျနော်ကို ကြိမ်ဒဏ်စီရင်တော်မူပါ။" စစ်သူကြီးဟာ မိခင်အစား ကြိမ်ဒဏ်ကို ခံယူခဲ့လို့ မိခင်ကို ချစ်ကြောင်းသက်သေပြ ယုံသာမက တစ်ချိန်တည်းမှာ အပြစ်သားကို အပြစ်ပေးရမယ့် သာဓကကို ပြသခဲ့ပါတယ်။ ဒီလိုပါပဲ.......

» အကူးအပြောင်း - ဂရုဏာရှင်ဖြစ်တော်မူ သည့်သာမက သစ္စာတော်ရှင်ဖြစ်တော်မူသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ရဲ့ အပြစ်ရဲ့ အဖိုးအခကို သားတော် သခင်ခရစ်တော်အားဖြင့် တစ်ခါတည်း ဆေးကြောဖြေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။

## (ဃ) ယေရှုခရစ်တော်

၁. ယေရှုခရစ်တော်သည် ဘုရားစစ်စစ်ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ လူစစ်စစ်ဖြစ်ပါသည်။

၂. ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကို ထာဝရအသက်ကို လက်ဆောင်အဖြစ် ပေးရန် ကားတိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် ကျွန်နုပ်တို့၏ အပြစ်ကြွေးများကို ကျွန်ုပ်တို့ကိုယ်စား ပေးဆပ်ပြီး ရှင်ပြန်ထမြောက်ခဲ့ပါသည်။

NOTE

NOTE

* အပြစ်မှတ်တမ်းစာအုပ်

(ညာဘက်လက်ဖြင့် စာအုပ်ကို ကိုင်မြှောက်ထားပြီး) ဒီစာအုပ်သည် ကျွန်ုပ် မွေးလာကတည်းက ခုချိန်ထိ ပြုလုပ်ခဲ့တဲ့ အားလုံးသော အပြစ်တွေ, အတွေးတွေ, စကားတွေ, အပြုအမူတွေ အားလုံးကို တစ်ခုချင်းစီ မှတ်တမ်းတင်ထားတဲ့ စာစောင်တစ်ခုလို့ ဆိုကြပါစို့။ ကျမ်းစာထဲမှာတော့ ဒီစာစောင်ကို တစ်နေ့မှာ ဘုရားသခင်ရှေ့မှာ ဖွင့်လိုက်မှာဖြစ်ပြီး (စာအုပ်ကို ဖွင့်ပြီး လက်ဝဲလက်ပေါ်မှာ တင်လိုက်ပါ) ကျွန်ုပ် ပြုမူကျင့်ကြံခဲ့တဲ့အတိုင်း တရားစီရင်ခြင်းကို ခံရမယ်လို့ (ဖွင့်ထားတဲ့ စာအုပ်ကို လက်ယာလက်ဖြင့် ပြင်းပြင်းလေး တစ်ချက် နှစ်ချက် ရိုက်လိုက်ပါ) ပြောထားပါတယ်။ (ဗျာဒိတ် ၂၀း၁၂)

ပြီးတော့ ဒီစာစောင်မှာ မှတ်တမ်းတင်ထားတဲ့ ကျွန်ုပ်၏ အပြစ်တွေက ပြဿနာဖြစ်ပါတယ်(ဖွင့်ထားတဲ့ စာအုပ်ကို ပိတ်ပြီး လက်ဝဲလက်ပေါ်မှာ တင်ပါ)။ ဘုရားသခင်က ကျွန်ုပ်ကို ချစ်သောကြောင့် ကျွန်ုပ်ကို အပြစ်မပေးနိုင်ဘဲ (လက်ယာလက်ဖြင့် လက်ဝဲလက်ကို ပွတ်သပ်ပြီး) ထို့အပြင် ဘုရားသခင်ဟာ ဖြောင့်မတ်သောကြောင့် ကျွန်ုပ်၏ အပြစ်တွေဟာ သေချာပေါက် (လက်ယာလက်ဖြင့် စာအုပ်ကို လက်ညှိုးထိုးပြီး) အပြစ်ပေးခံရဖို့ပဲ ရှိပါတယ် (စာအုပ်ကို ပြင်းပြင်းလေး တစ်ချက် နှစ်ချက် ရိုက်လိုက်ပါ)။ ဒီ ပြဿနာကို ဖြေရှင်းဖို့အတွက် ဘုရားသခင်သည် သူ့ရဲ့ ချစ်လှစွာသော သားတော် ယေရှုခရစ်တော်ကို (လက်ယာလက်ကို လေပေါ်မှာ မြင့်မြင့်လေး မြှောက်ထားပါ) ဒီလောကကို (လက်ယာလက်ကို စာအုပ်ကိုကိုင်ထားတဲ့ လက်ဝဲလက်နှင့်အတူတူ ဖြည်းဖြည်းချင်း ချလိုက်ပါ) ပို့ဆောင်ပေးခဲ့ပါတယ်။

ကျမ်းစာထဲမှာ "ငါတို့ ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍(မျက်လုံးက လက်ဝဲလက်ကို ကြည့်ပြီး စာအုပ်ကိုင်ထားတဲ့ လက်ဝဲလက်က အလျားလိုက် မျှောသွားတဲ့ပုံစံမျိုးလုပ်ပါ) ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို (စာအုပ်ကိုင်ထားတဲ့ လက်ဝဲလက်ဖြင့် စက်ဝိုင်းခြမ်းပုံစံ ဆွဲပြီး မူလနေရာကို ပြန်သွားပါ) သူ့အပေါ်၌(ယေရှုခရစ်တော်အပေါ်၌) (လက်ယာလက်ကို ကြည့်လိုက်ပါ) တင်တော်မူ၏ (လက်ဝဲလက်မှာ ရှိတဲ့ စာအုပ်ကို လက်ယာလက်ပေါ်ကို ခပ်ပြင်းပြင်း ပြောင်းတင်လိုက်ပါ) "(ဟေရှာယ

၅၃း၆) လို့ ပြောထားပါတယ်။

ဘုရားသခင်မုန်းတဲ့ ကျွန်ုပ် အပြစ်အားလုံးဟာ သူချစ်တော်မူသောသားတော် ယေရှုခရစ်တော်ဆီကို ပြောင်းလဲရောက်ရှိသွားပါတယ်။ (လက်ဝဲလက်ဖြင့် လက်ယာလက်မှာရှိတဲ့ စာအုပ်ကို လက်ညှိုးထိုးပြီး တိတ်ဆိတ်စွာ စာအုပ်ကို ချလိုက်ပါ) ယေရှုခရစ်တော်ဟာ သူ့ရဲ့ ကိုယ်ခန္ဓာအားဖြင့် ကျွန်ုပ်တို့ရဲ့ အပြစ်ကြွေးတွေအားလုံးကို ဆပ်ပေးဖို့ရန်အတွက် ကိုယ်တိုင် ကားတိုင်ပေါ်မှာ အသေခံတော်မူခဲ့ပါတယ်။ ကားတိုင်ပေါ်မှာ ကျွန်ုပ်တို့၏ အပြစ်ကြွေးတွေအားလုံး ပေးဆပ်တဲ့အချိန်မှာ ယေရှုခရစ်တော်က "အမှုပြီးပြီ" လို့ မိန့်တော်မူခဲ့ပါတယ်။ ကျွန်ုပ်တို့၏ ရာဇဝတ်မှု အပြစ်ကြွေးတွေအားလုံးကို ယေရှုခရစ်တော်က ကိုယ်စား ပေးဆပ်ခဲ့ပါတယ်။ ယေရှုခရစ်တော်ဟာ ကျွန်ုပ်တို့၏ အပြစ်ကြွေးတွေအားလုံးအတွက် ပေးဆပ်ပြီးနောက်မှာတော့ ၃ရက်မြောက်သောနေ့မှာ ရှင်ပြန်ထမြောက်ပြီး ကျွန်ုပ်တို့ကို ထာဝရအသက်ကို လက်ဆောင်အဖြစ် ပေးဖို့ရန်အတွက် အထက်ကို တက်သွားခဲ့ပါတယ်။

» အကျူးအပြောင်း- ဒီ ထာဝရအသက် လက်ဆောင်ကို သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့်သာ လက်ခံရရှိပါသည်။ (ဒါပေမယ့် အရေးကြီးတဲ့ အရာကတော့ )

## (c) ယုံကြည်ခြင်း

၁. လူ့ဦးကျောက် အသိတရားနှင့် လောကီ ယာယီယုံကြည်ခြင်းသည် ကယ်တင်ခြင်းကို ရရှိနိုင်သော ယုံကြည်ခြင်းမျိုး မဟုတ်ပါ။

၂. ကယ်တင်ခြင်းရရှိနိုင်သည့် စစ်မှန်သော ယုံကြည်ခြင်းမှာ ယေရှုခရစ်တစ်ပါးတည်းကိုသာ ယုံကြည်ခြင်း ဖြစ်ပါသည်။

* ကျမ်းစာကတော့ "သခင်ယေရှုကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်"(တမန်တော် ၁၆း၃၁)ဟု ပြောပါသည်။

NOTE

NOTE

* ထိုင်ခုံ ဉပမာ

ကယ်တင်ခြင်းရရှိမယ့် စစ်မှန်တဲ့ ယုံကြည်ခြင်းဟာ ဘာလဲဆိုတာကို ဒီထိုင်ခုံလေးအားဖြင့် ရှင်းပြပါ့မယ်။ (နေရာမှ ထပါ) ဒီနေရာမှ ထိုင်ခုံရှိတယ်ဆိုတာကို သိတယ်မဟုတ်လား။ ဒါပေမယ့် ဒီနေရာမှာ ထိုင်ခုံရှိနေတာပဲသိပြီး အဲဒီထိုင်ခုံပေါ်မှာ မထိုင်ဘူးဆိုရင် (ထိုင်ခုံဘေးမှာ ရပ်လျက်) ဒီမှာရှိနေတဲ့ ထိုင်ခုံက ကိုယ့်အတွက် ဘာများအသုံးဝင်မှာလဲ?
ဒီထိုင်ခုံကို သခင်ယေရှုလို့ ဆိုကြပါစို့။ ထိုင်ခုံက သက်သောင့်သက်သာဖြစ်အောင် လုပ်ပေးနိုင်တာကို သိနေပေမယ့် မထိုင်ဘဲ ဘေးနားမှာပဲရပ်နေသလိုမျိုး၊ ယေရှုခရစ်တော်က ကယ်တင်ရှင်ဆိုတာကို ခေါင်းထဲမှာပဲ သိနေပြီး ခရစ်တော်ကို မယုံကြည်ဘူးဆိုရင် (ထိုင်ခုံဘေးနားမှာ ရပ်နေပါ) အဲဒီ ယုံကြည်ခြင်းကတော့ ရိုးရှင်းတဲ့ အသိဉာဏ်ဖြင့်သိခြင်းမျှသာ ဖြစ်ပြီး ကျွန်ုပ်တို့ကို ကယ်တင်မယ့် ယုံကြည်ခြင်းမျိုး မဟုတ်ပါ။

ပြီးတော့ ယေရှုခရစ်တော်ကို ကျန်းမာရေး, ငွေရေးကြေးရေး, သားသမီးအရေး စသည့် ယာယီပြသနာများနှင့် လောကီပြသနာများကိုသာ ဖြေရှင်းပေးမယ့် သူအဖြစ်နဲ့ သိထားပြီး အမျိုးမျိုးသော ပြသနာတွေအတွက် ယေရှုခရစ်တော်ကို(ပြသနာ(အထုပ်)အမျိုးမျိုးကို ထိုင်ခုံပေါ်ကို တင်ရင်း) အကူအညီတောင်းခံပြီး ကိုယ်တိုင်က အခုထိ(ထိုင်ခုံဘေးမှာ ရှိနေပြီး) မယုံကြည်ဘူးဆိုရင် အဲဒီယုံကြည်ခြင်းမျိုးက ယာယီ, လောကီနှင့်ဆိုင်တဲ့ ပြသနာတွေကိုသာ ဖြေရှင်းပေးမယ့် ယုံကြည်ခြင်းမျိုးသာဖြစ်ပြီး ကယ်တင်ခြင်းပေးမယ့် ယုံကြည်ခြင်းမျိုး မဟုတ်ပေ။

ကျမ်းစာထဲမှာပါတဲ့ ကယ်တင်ခြင်းရမယ့် စစ်မှန်တဲ့ ယုံကြည်ခြင်းဆိုတာကတော့ (ထိုင်ခုံပေါ်တင်ထားတဲ့ အထုပ်အားလုံးကို ရင်ခွင်ထဲမှာ ဖက်ထားပြီး) ကိုယ့်မှာရှိတဲ့ ပြသနာများအားလုံးကို ဒီလိုမျိုး (ထိုင်ခုံပေါ်မှာ ထိုင်ချလိုက်ပြီး) မိမိကိုယ်ကို ယေရှုခရစ်တော်ထံ လုံးဝ ယုံကြည်အပ်နှံလိုက်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ တစ်နေ့မှာ ကျွန်ုပ်က (အထုပ်ကို ကိုင်ထားလျက်) ကျွန်ုပ်ဘဝရဲ့ ပြသနာအားလုံးကို ယူပြီး သခင်ယေရှုဆီမှာ အပ်နှံလိုက်ပါတယ်။ နောက်ဆုံးမှာတော့

ကျွန်ုပ်ဟာ ထာဝရအသက်ကို လက်ဆောင်အဖြစ် ရရှိလိုက်ပါတယ်။ ဘယ်လောက်တောင် ပေါ့ပါးပြီး ပျော်ရွှင်နေလဲ မသိတော့ပါဘူး။

ဝေငှသူ ။ မိတ်ဆွေ အရှေ့မှာ မိတ်ဆွေက ထာဝရအသက်ကို ရရှိပြီး ကောင်းကင်နိုင်ငံကို ဝင်ရောက်မယ့် အကြောင်းပြချက် ရှိတယ်လို့ ပြောခဲ့တယ်နော်။
ဝေငှခံရသူ ။ ဟုတ်ကဲ့။

ဝေငှသူ ။ အဲလိုဆိုရင် မိတ်တွေက ထာဝရအသက်ကို ရရှိပြီး ကောင်းကင်နိုင်ငံကို သွားဖို့ နောက်ဆုံးမှာ ဘယ်သူ့ကို ယုံကြည်လိုက်တာလဲ။
ဝေငှခံရသူ ။ စဉ်းစားကြည့်လိုက်တော့ ကိုယ့်ကိုယ်ကို ဖြစ်နေတယ်။

» အကူးအပြောင်း- မိတ်ဆွေက ထာဝရအသက်ကို လက်ဆောင်အဖြစ် ရရှိပြီး ကောင်းကင်နိုင်ငံကို ဝင်ရန်အတွက် မိမိကိုယ်ကို(မိမိရဲ့ ကောင်းမှုကုသိုလ်) ကိုးစားနေရာကနေ ယေရှုခရစ်တော်ဆီကို မိမိကိုယ်ကိုပြောင်းလွှဲ ပေးလိုက်ရမှာဖြစ်ပါတယ်။

## ၃။ ဆက်ကပ်အပ်နှံခြင်း

### (က) စစ်ဆေး အတည်ပြုမေးမြန်းခြင်း

ဝေငှသူ ။ ဒီအထိ သမ္မာကျမ်းစာရဲ့ မီးမောင်းထိုးပြထားတဲ့ အကြောင်းအရာတွေကို ရှင်းပြပြီးပါပြီ။ မိတ်ဆွေ နားလည်ပါသလား။
ဝေငှခံရသူ ။ ဟုတ်ကဲ့

### (ခ) ဆက်ကပ်အပ်နှံခြင်း မေးခွန်း

ဝေငှသူ ။ သင်ဟာ အခုဆိုရင် အရာအားလုံးကို ဖန်ဆင်းတဲ့ ဘုရားသခင်က သင့်ကို "ချစ်သော သား/သမီး, ငါသည် သင့်ကို ထာဝရအသက်ပေးဖို့ သင်လက်ခံလိုပါသလား"လို့ မေးလာခဲ့ရင် မိတ်ဆွေက ဒီ ထာဝရအသက်ဆိုတဲ့ လက်ဆောင်ကို လက်ခံလိုပါသလား?
ဝေငှခံရသူ ။ ဟုတ်ကဲ့။ လက်ခံလိုပါတယ်။

NOTE

NOTE

## (ဂ) ဆက်ကပ်အပ်နှံခြင်း ရှင်းလင်းချက်

ဂေဟသူ ။ မိတ်ဆွေ, တကယ့်ကို အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ချပြီးပါပြီ။ အခု မိတ်ဆွေရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုအဓိပ္ပါယ်ရှိသလဲဆိုတာကို ရိုးရိုးလေး ရှင်းပြပါ့မယ်။

၁။ ထာဝရအသက်ကို ရရှိဖို့အတွက် မိမိကိုယ်ကို ကိုးစားခြင်းမဟုတ်ဘဲ ယေရှုခရစ်တော်တစ်ပါးတည်းကိုသာ ကိုးစားယုံကြည်ခြင်းကို ဆိုလိုပါသည်။

၂။ ရှင်ပြန်ထမြောက်ပြီး အသက်ရှင်တဲ့ ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ်,ဘဝရဲ့ပိုင်ရှင်အဖြစ် လက်ခံကိုးကွယ်ခြင်းကို ဆိုလိုသည်။

၃။ မိတ်ဆွေ ကျူးလွန်ခဲ့တဲ့ အပြစ်များကို ဝန်ချပြီး ဘဝရဲ့ ဦးတည်ချက်ကို ဘုရားသခင်ထံ အပ်နှံခြင်းကို ဆိုလိုပါသည်။

ဂေဟသူ ။ အဲလိုမျိုး လုပ်မှာလား။
ဂေဟခံရသူ ။ ဟုတ်ကဲ့

## (ဃ) ဆက်ကပ်ဆုတောင်းခြင်း

ဂေဟသူ ။ မိတ်ဆွေ ဘုရားသခင်က ကျွန်တော်တို့ရဲ့ ဆုတောင်းခြင်းကို နားညောင်းတော်မူပါတယ်
ကျွန်တော်နောက်ကို တစ်ခွန်းခြင်းဆီ လိုက်ဆိုပေးပါလား။
ဂေဟခံရသူ ။ ဟုတ်ကဲ့၊ လိုက်ဆိုပါ့မယ်။
ဂေဟသူ ။ အဖဘုရား/ အခုအချိန်ထိ ကျွန်ုပ်သည်/ မိမိကိုယ်ကိုသာ ကိုးစားပြီး အသက်ရှင်လာခဲ့သော အပြစ်သားဖြစ်ပါတယ်။/ ကျွန်ုပ်အပြစ်များကို ခွင့်လွှတ်တော်မူပါ။/ ယေရှုခရစ်တော်သည် ကျွန်ုပ် အပြစ်ကြောင့်/ ကားတိုင်တော်ထက်မှာ အသေခံတော်မူခဲ့ပြီး/ ရှင်ပြန်ထမြောက်တော်မူခဲ့ခြင်းကို ယုံကြည်ပါ၏။/ ယနေ့ ဒီအချိန်တွင်/ ကျွန်ုပ်ရဲ့ နလုံးသား တံခါးအား ဖွင့်ထားပါ၏။/ ယေရှုခရစ်တော် ဝင်ရောက်လျက် ကိန်းဝပ်တော်မူပြီး/ ကျွန်ုပ်ရဲ့ ကယ်တင်ပိုင်ရှင်/ အသက်တာရဲ့ အရှင်သခင်အဖြစ် အုပ်စိုးတော်မူပါ။/ ယခုအချိန်မှစပြီး ကျွန်ုပ်သည် / ဘုရားမျက်မှောက်တော်မှာ ရပ်နေရမည့် အချိန်အထိ/ ကျွန်ုပ်ရဲ့ အသက်တာကို လမ်းပြတော်မူပါ။/ ယေရှုနာမ၌ ဆုတောင်းပါ၏။/ အာမင်
ဂေဟခံရသူ ။ အာမင်။

## (c) ကယ်တင်ခြင်းစိတ်ချမှု

ဝေငှသူ း ယခု မိတ်ဆွေဟာ ဆုတောင်းတဲ့ အရာဟာ ဘာအဓိပ္ပါယ်လည်းဆိုတာ ယေရှုခရစ်တော် မိန့်တော်မူတဲ့ နှုတ်ကပ်တော်ကို ဖတ်ကြည့်ရင် ကောင်းပါလိမ့်မယ်။ ဒါလေးဖတ်ပေးနိုင်မလား။ (ရှင်ယောဟန် ခရစ်ဝင် ၆း၄၇ ကို ဖွင့်၍ပေးလိုက်ရန်)

ဝေငှခံရသူ း (ယော ၆း၄၇) "ငါအမှန်အကန်ဆိုသည်ကား ငါ့ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏"

ဝေငှသူ း ယေရှုခရစ်တော်ကို ယုံကြည်တဲ့ သူဟာ ဘာကိုရတယ်လို့ ဆိုထားလဲ။

ဝေငှခံရသူ း ထာဝရအသက်....

ဝေငှသူ း ထာဝရအသက် ရမယ်လို့ ပြောလား။ ဒါမှမဟုတ် ရပြီးသားလို့ ပြောတာလား။

ဝေငှခံရသူ း ရပြီးသားလို့ပြောပါတယ်။

ဝေငှသူ း ဒီမှာ ငါ့ကို ယုံကြည်သော "သူ" နေရာမှာ မိတ်ဆွေရဲ့ နာမည် ထည့်ဆိုလို့ရမလား။

ဝေငှခံရသူ း "ငါအမှန်အကန်ဆိုသည်ကား ငါ့ကို ယုံကြည်သော ..............သည် ထာဝရအသက်ကိုရ၏။"

ဝေငှသူ း ဒီ သမ္မာတရားကို အခြေခံ၍ မိတ်ဆွေကို မေးခွန်းတစ်ခုမေးပါရစေ။

ဝေငှခံရသူ း မိတ်ဆွေ၊ ဒီ နှုတ်ကပတ်တော်ကို အခြေခံပြီး ထာဝရအသက်ကို ရပြီးမို့ အကယ်၍များ ဒီညပဲ သေသွားမယ်ဆိုရင် ကောင်းကင်နိုင်ငံတော် ဝင်ရောက်နိုင်တဲ့ စိတ်ချမှု ရှိပါသလား။

ဝေငှခံရသူ း ဟုတ်။

ဝေငှသူ း (အကြောင်းပြချက် မေးခွန်း) မိတ်ဆွေ၊ ဒီနှုတ်ကပတ်တော် အခြေပြုပြီး မိတ်ဆွေကောင်းကင်နိုင်ငံတော် ဝင်ရောက်နိုင်တဲ့ အကြောင်းပြချက်က ဘာလဲ။

ဝေငှခံရသူ း ယေရှုခရစ်တော်ကို ယုံကြည်ခြင်းကြောင့်မို့ပါ။

NOTE

NOTE

## ၄။ ချက်ခြင်းလုပ်ဆောင်ရမည့် နောက်ဆက်တွဲလုပ်ငန်းများ

### (က) ဂုဏ်ပြုချီးမွမ်းခြင်း

ပေးသူ း ယနေ့မိတ်ဆွေ ယေရှု ခရစ်တော်ကို ယုံကြည်လို့ ထာဝရအသက်ရကာ ဘုရားသခင်ရဲ့ သား/သမီးဖြစ်လာခြင်းကို ဂုဏ်ပြုချီးကျူးပါတယ်။

(အတူတူလက်ခုပ်တီး)

ပေးခံရသူ း ကျေးဇူးတင်ပါတယ် ဒီနေ့ဟာ ကျွန်တော်အတွက် အလွန် ထူးခြားကောင်းမွန်တဲ့ နေ့လေးဖြစ်ပါတယ်။

## ခ။ အတူတူ ကြီးထွားကြမယ်

### ၁။ စာအုပ်အား မိတ်ဆက်ပေးခြင်း

ပေးသူ း ဒါကတော့ မိတ်ဆွေကို ပေးဖို့ ပြင်ဆင်လာတဲ့ စာအုပ်လေးပဲဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော် ခုဏက ပြောပြတဲ့ အကြောင်းအရာတွေ လိုတိုရှင်းလင်းစွာ ရေးသားထားပြီး မိတ်ဆွေရဲ့ ယုံကြည်ခြင်းခိုင်မြဲဖို့ အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

ပေးခံရသူ း ဩော် ဟုတ်လား။

### ၂။ ကျွန်ုပ်၏ သံဓိဋ္ဌာန်

ပေးသူ း ဒီမှာ "ကျွန်ုပ်၏ သံဓိဋ္ဌာန်"ကို ဖတ်ပေးလို့ ရမလား။

ပေးခံရသူ း ဟုတ်၊ ကျွန်ုပ်သည် ယနေ့ အချိန်ထိ မိမိကိုယ်ကို ကိုးစား၍ အသက်ရှင်လာတဲ့ အပြစ်သားဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်ုပ်သည် ယနေ့ ယေရှုခရစ်တော်ကို ကျွန်ုပ်၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံပါ၏။ ကျွန်ုပ်သည် ယခု ကျွန်ုပ်၏ ထာဝရအသက်အတွက် ယေရှုခရစ်တော်တစ်ပါတည်းသာလျှင် ယုံကြည်လျက်ကိုးစားပါမည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်၏အပြစ်ကို ခွင့်လွှတ်တော်မူပြီး မကောင်းသော အပြစ်များမှ ကျွန်ုပ်ကို ကယ်တင်တော်မူပြီး ထာဝရအသက် ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ယခုမှစ၍ သခင်သည် ကျွန်ုပ်ကို အုပ်စိုးစေဖို့ရန် ကျွန်ုပ်ရဲ့ အသက်တာ ကိုယ်တော်ထံ အပ်နှံပါ၏။ ယခု အချိန်မှ စပြီး ကိုယ်တော်ကပေးတော်မူသော ခွန်အား အတိုင်း ကျွန်ုပ်ရဲ့

အသက်တာ အလုံးစုံဖြင့် ကိုယ်တော့်ကို အစေခံလျက် ကိုယ်တော်၌ သစ္စာရှိနိုင်အောင် ကြိုးစားအားထုတ်ပါမည်။

ဝေငှသူ ៖ ကျေးဇူးတင်ပါတယ်။ ဒါကတော့ ဒီနေ့ မိတ်ဆွေရဲ့ သံဓိဋ္ဌာန် ဟုတ်ပါသလား။

ဝေငှခံရသူ ៖ ဟုတ်ကဲ့။

ဝေငှသူ ៖ ဒီမှာ ဒီနေ့ နေ့စွဲ ရေးပြီး မိတ်ဆွေ ကိုယ်တိုင် လက်မှတ်ထိုးပေးနိုင်မလား။

ဝေငှခံရသူး ဟုတ်။ ထိုးပါ့မယ်။

ဝေငှသူ ៖ ကျွန်တော်လည်း သက်သေအဖြစ် လက်မှတ်ထိုးပါ့မယ်။ ပြီးတော့ ဖုန်းနံပါတ်လည်း

ရေးပေးခဲ့ပါ့မယ်။ ဂိညာဉ်ရေးရာ အကူအညီ လိုအပ်တိုင်း အချိန်မရွေး ဖုန်းခေါ်နိုင်ပါတယ်။

(မရင်းနှီးသူ ဆိုလျှင် ဘုရားကျောင်း ဖုန်းနံပါတ်အားပေးရန်)

## (၈) ဂိညာဉ်ရေး ကြီးထွားခြင်း၏ နည်းလမ်း (၅) ရပ်

(*အောက်ပါ အကြောင်းအရာကို အချိန် ရှိတဲ့အတိုင်း အလိုက်သင့် အသုံးပြုရန်။)

ဝေငှသူ ៖ မိတ်ဆွေ ကလေးက မွေးလာလျှင် ကောင်းကောင်း ကြီးထွားမှ မိဘတွေက ဝမ်းသာသလို မိတ်ဆွေလည်း ဂိညာဉ်ရေအရ အသစ်မွေးဖွားလာတဲ့ အသက်တစ်ခု ဖြစ်လို့ ဘုရားသခင်က မိတ်ဆွေကို ယုံကြည်ခြင်းမှာ ကောင်းစွာ ကြီးထွားဖို့ အလိုတော်ရှိတယ်။ ဒီမှာ ယုံကြည်ခြင်း ကောင်းစွာ ကြီးထွားဖို့ အကူညီဖြစ်စေမယ့် ဂိညာဉ်ရေး ကြီးထွားခြင်းနည်းလမ်း (၅)ရပ် ရေးထားတာလေး အတူတူ ကြည့်ရအောင်လား။

ဝေငှခံရသူ ៖ ဟုတ်။ ကောင်းပါပြီး။

### ၁။ သမ္မာကျမ်းစာ

ဝေငှသူ ៖ ဒီမှာ စာလုံးအမဲရောင်နဲ့ ရေးထားတဲ့စာကို ဖတ်ပေးပါ့မယ်။ နံပါတ်တစ်- သမ္မာကျမ်းစာ (လက်ချောင်းနဲ့ ဆွဲရင်း)

ဝေငှခံရသူ ៖ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို တစ်ရက်ကို တစ်ခန်းစီ ဖတ်ပေးပါ။

ဝေငှသူ ៖ သမ္မာကျမ်းစာဟာ ဂိုညာဉ်အစာဖြစ်ပါတယ်။

NOTE

NOTE

ကျွန်ုပ်တို့က ထမင်းကို ကောင်းကောင်းစားမှ ကျန်းမာသလို ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဖတ်မှ ကျွန်ုပ်တို့ရဲ့ ဝိညာဉ်ရေးရာလည်း ကျန်းမာနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်က ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို တစ်အုပ်စီ ပေးသွားမှာဖြစ်ပါတယ်။ တစ်ရက်ကို တစ်ခန်းစီ ဖတ်ကြည့်ပါ။ အဆင်ပြေမယ်ဆိုရင် ကျွန်တော်က တစ်ပတ်ပြီးရင် နောက်ထပ်တွေ့ချင်ပါသေးတယ်။ (အိမ်မှာ မဟုတ်ဘဲ ကော်ဖီဆိုင်လိုမျိုး နေရာမှာ တွေ့ဖို့ ချိန်းလို့ရပါတယ်) အဲဒီအချိန်ကျရင် သိချင်တာရှိရင် ပြောပြပေးပါ့မယ်။

ဂေဟခံရသူ ៖ ဟုတ်ကဲ့။ အဲလိုလုပ်ပေးပါ။။

## ၂။ ဆုတောင်းခြင်း

ဂေဟသူ ៖ ဒုတိယအချက်, ဆုတောင်းခြင်း (လက်ချောင်းနဲ့ ရေးပြရင်း)
ဂေဟခံရသူ ៖ နေ့စဉ် ဆုတောင်းချိန်ကို သတ်မှတ်ထားပြီး ဘုရားသခင်နဲ့ ဆက်သွယ်အချိန်ယူပါ။

ဂေဟသူ ៖ ဆုတောင်းခြင်းဆိုတာ ဝိညာဉ်ရဲ့ အသက်ပဲဖြစ်ပါတယ်။ ဘုရားသားသမီးတွေဟာ ဆုတောင်းခြင်းမှတစ်ဆင့် ဘုရားနှင့် ဆက်သွယ်နိုင်ပါတယ်။ ဒီလိုမျိုး ဆုတောင်းခြင်းကို လွယ်ကူစွာ သင်ယူနိုင်ပါတယ်။ ကျွန်တော်နှင့်အတူ လက်အုပ်ချီပေးပါ။

### ပထမလက်ချောင်း- အဘဘုရားသခင်

ပထမဦးဆုံး ဆုတောင်းတဲ့အခါ အရေးအကြီးဆုံးအချက်ကတော့ ဆုတောင်းခြင်းရဲ့ ဦးတည်ပစ်မှတ်ပဲ ဖြစ်ပါတယ်။ ခုချိန်မှာ ဘုရားသခင်ဟာ မိတ်ဆွေရဲ့ ဝိညာဉ်ဖခင် ဖြစ်သွားပါပြီ။ အဲဒါကြောင့် အရင် " အဘ ဘုရားသခင်’ လို့ ခေါ်ခြင်း ဖြစ်ပါတယ်။

### ဒုတိယ လက်ချောင်း- ကျေးဇူးတင်ပါတယ်။

ဘုရားသခင်ဟာ ကျေးဇူးတင်တဲ့စိတ်ကို နှစ်သက်ပါတယ်။ ထာဝရအသက်ကို ပေးခြင်းအတွက် ကျေးဇူးတင်ပြီး ကျန်းမာခြင်း ပေးသည့်အတွက်လည်း ကျေးဇူးတင်ပြီး ကျေးဇူးတင်စရာတွေအတွက် ကျေးဇူးတင်ရင် ရပါပြီ။

**တတိယလက်ချောင်း- အပြစ်လွှတ်ပေးပါ**

ဘုရားသခင်ဟာ ကျွန်ုပ်တို့ရဲ့ အမှားတွေကို ဂရုစိုက်ဖို့ အလိုရှိပါတယ်။ ပြုလုပ်ခဲ့တဲ့ အမှားတွေနှင့် အပြစ်တွေကို ခွင့်လွှတ်ပေးဖို့ ဘုရားသခင်ထံ တောင်းလျှောက်ပါ။

**စတုတ္ထလက်ချောင်း- ကူညီမစတော်မူပါ။**

ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို ကူညီပေးဖို့ အလိုရှိပါတယ်။ ကျွန်ုပ်တို့ရဲ့ အားနည်းတဲ့ဘဝမှာ ဘုရားသခင် အကူအညီမပါဘဲ အသက်မရှင်နိုင်ပါဘူး။ လိုအပ်ချက်များကို တောင်းလျှောက်ရင် ဘုရားသခင်က ကူညီပေးမှာ ဖြစ်ပါတယ်။

**ပဥ္စမလက်ချောင်း- ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်။**

ယေရှုနာမဖြင့် ဆုတောင်းလျှင် နားညောင်းတော်မူမည်လို့ ကတိတော်ရှိပါတယ်။ အာမင်ကတော့ 'သဘောတူသည်' " ဆုတောင်းသည့်အတိုင်း ပြည့်စုံစေဖို့ အလိုရှိပါသည်"လို့ အဓိပ္ပါယ်ရပါတယ်။ မိတ်ဆွေလည်း ဒီလိုမျိုး ဆုတောင်းနိုင်တယ်မလား?

ဝေငှခံရသူ ႏ ဟုတ်ကဲ့။

ဝေငှသူ ႏ နောက်တစ်ခါလောက် လုပ်ကြည့်မလား။(လက်ချောင်းလေးတွေကိုချိုးပြီး အတူတစ်ကွပြန်လုပ်ရန်)

"အဘ ဘုရားသခင်/ ကျေးဇူးတင်ပါတယ်/ အပြစ်လွှတ်ပေးပါ/ ကူညီမစတော်မူပါ/ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်/

ဝေငှခံရသူ ႏ အဘ ဘုရားသခင်, ကျေးဇူးတင်ပါတယ်, အပြစ်လွှတ်ပေးပါ, ကူညီမစတော်မူပါ, ယေရှုနာမဖြင့် ဆုတောင်းပါ၏. အာမင်"

ဝေငှသူ ႏ အရမ်းတော်ပါတယ်။

ဝေငှခံရသူ ႏ ကျေးဇူးတင်ပါတယ်။

**၃။ ဂတ်ပြုကိုးကွယ်ခြင်း**

ဝေငှသူ ႏ တတိယအချက်- ဂတ်ပြုကိုးကွယ်ခြင်း (လက်ချောင်းနဲ့ ရေးပြရင်း)

NOTE

NOTE

ဧဝင်ခံရသူ ။ ဘုရားကျောင်း မှန်မှန်တက်ရောက်ပြီး ဂတ်ပြုကိုးကွယ်ကြပါ။

ဧဝသူ ။ ဝတ်ပြုကိုးကွယ်ခြင်းဆိုတာ ကယ်တင်ခြင်းရတဲ့သူတွေ အတူတစ်ကွ စုရုံးပြီး ဘုရားသခင်ကို ချီးမွမ်း ကိုးကွယ်ခြင်း ဖြစ်ပါတယ်။ မိတ်ဆွေ, ဒီတစ်ပတ် တနင်္ဂနွေမှာတော့ မိတ်ဆွေနှင့်အတူ မနက် ၁၁နာရီ ဝတ်ပြုခြင်းကို အတူတစ်ကွ ပါဝင်ချင်ပါတယ်။ အဆင်ပြေမယ်ဆိုရင် ကျွန်တော်က မနက် ၁၀နာရီခွဲမှာ အိမ်ရှေ့မှာစောင့်နေဖို့ လာခဲ့ပါ့မယ်။

ဧဝင်ခံရသူ ။ ဟုတ်ကဲ့။ အဲလိုလုပ်ပေးမယ်ဆိုရင် တကယ် ကျေးဇူးတင်ပါတယ်။ တနင်္ဂနွေမနက်မှာ စောင့်နေပါ့မယ်။

## ၄။ မိတ်သဟာရဖွဲ့ခြင်း

ဧဝသူ ။ စတုတ္ထအချက်- မိတ်သဟာရဖွဲ့ခြင်း(လက်ချောင်းနဲ့ ရေးပြရင်း)

ဧဝင်ခံရသူ ။ ယုံကြည်ခြင်း၌ ကြီးထွားလာအောင် ကူညီပေးမယ့် ခရစ်ယာန်ယုံကြည်သူများနှင့်အတူ မိတ်သဟာရဖွဲ့ပါ။

ဧဝသူ ။ မိတ်ဆွေ, မိတ်သဟာရဖွဲ့ခြင်းဆိုတာ ယုံကြည်သူတွေနှင့် ပေါင်းဖော်ခြင်းကို ဆိုလိုပါတယ်။ ယုံကြည်ခြင်းရဲ့ မိတ်သဟာရကလည်း အရမ်းကို အရေးကြီးပါတယ်။ အဲဒါကြောင့် ကျွန်ုပ်တို့ ဘုရားကျောင်းမှာတော့ မိတ်ဆွေလိုမျိုး ပထမဦးဆုံး ဘုရားကျောင်းလာတဲ့သူတွေအတွက် မိသားစုအသစ် စည်းဝေးပွဲကို ပြုလုပ်ပေးပါတယ်။ စိတ်ဝင်စားမယ်ဆိုရင် ဒီတစ်ပတ်ကစပြီး ပါဝင်နိုင်ဖို့ ကျွန်တော်ပြောပြပေးပါ့မယ်။ ဒီလို စည်းဝေးပွဲမှာ ပါဝင်မယ်ဆိုရင် ယုံကြည်ခြင်းက ပိုမို ကောင်းမွန်လာနိုင်ပါတယ်။

(မိသားစုအသစ် စည်းဝေးပွဲ, အုပ်စုလိုက်စည်းဝေးပွဲ, ယုံကြည်သူသင်တန်း, ဌာနအစည်းအဝေး, လုပ်အားပေး အစည်းအဝေး စသည်တို့နှင့် မိတ်ဆက်ပေးခြင်း)

ဧဝင်ခံရသူ ။ ဟုတ်ကဲ့။ အဲလိုလုပ်ပါ့မယ်။

## ၅။ဧဝံဂေလိ

ဧဝသူ ။ နောက်ဆုံးအနေနဲ့ ဧဝံဂေလိပဲဖြစ်ပါတယ်။ (လက်ချောင်းနဲ့ ရေးပြရင်း)

ဝေငှခံရသူ း ယေရှုခရစ်တော်ကို မသိသေးတဲ့ လူတွေဆီကို သတင်းကောင်းဝေငှပါ။

ဝေငှသူ း ဧဝံဂေလိ လုပ်မှ ကျွန်ုပ်တို့ရဲ့ ယုံကြည်သူအသက်တာက ကျန်းမာစွာ ကြီးထွားမှာ ဖြစ်ပါတယ်။ ဧဝံဂေလိဆိုတာ ကျွန်တော်က ရရှိခဲ့တဲ့ ကယ်တင်ခြင်း သတင်းကောင်းကို တခြားသူတွေနှင့် အတူတကွ ဝေမျှတဲ့အရာကို ဆိုလိုပါတယ်။ ဘုရားသခင်ရဲ့ ကယ်တင်ခြင်းသတင်းကောင်းဟာ ယုံကြည်သူရော မယုံကြည်သူရော,ပြီးတော့ ယေရှုကို သိတဲ့သူရော မသိတဲ့သူရော အားလုံးအတွက် ရှိနေတဲ့အရာတစ်ခု ဖြစ်ပါတယ်။ ဒီနေ့ ကြားရတဲ့ သတင်းကောင်းအကြောင်းကို ဝေမျှချင်တဲ့သူများ ရှိပါသလား။

ဝေငှခံရသူ း အရမ်းခင်တဲ့သူငယ်ချင်းရှိပေမယ့် ဘယ်လို ဝေမျှရမှန်း သေချာမသိပါဘူး။

ဝေငှသူ း အဲလို ဝေမျှတာက မိတ်တွေအတွက် ခက်မယ်ဆိုရင် ကျွန်တော်တို့ ကူညီပေးပါ့မယ်။ အဲဒီ သူငယ်ချင်းဆီမှာလည်း ဒီသတင်းကောင်းကို ထပ်ပြီး ဝေမျှချင်တဲ့လူရှိရင် ကျွန်တော်တို့ကို ဆက်သွယ်ပေးပါ။ ကျွန်တော်တို့က အဲဒီလူတွေဆီကို အလည်အပတ်သွားရင်း သတင်းကောင်းကို ဝေမျှပေးပါ့မယ်။

ဝေငှခံရသူ း ဟုတ်ကဲ့ပါ။

## (ဃ) တနင်္ဂနွေဝတ်ပြုစည်းဝေး ပါဝင်ရန် ချိန်းဆိုချက်ကို အတည်ပြုခြင်း

ဝေငှသူ း ဟုတ်ကဲ့။ ဒါဆိုရင် ဒီတစ်ပတ် တနင်္ဂနွေ မနက် ၁၀နာရီခွဲမှာ အိမ်ရှေ့မှာ လာစောင့်နေပါ့မယ်။

ဝေငှခံရသူ း တကယ်ကို ကျေးဇူးတင်ပါတယ်။

## (င) အဆုံးသတ်ဆုတောင်းခြင်း

ဝေငှသူ း မိတ်ဆွေ, မိတ်ဆွေနှင့်အတူ ကျွန်တော်ဆုတောင်းပြီး သွားပါတော့မယ်။ အတူတကွဆုတောင်းပေးဖို့ ဆုတောင်းချက်တွေ ရှိပါသလား?

ဝေငှခံရသူ း မိသားစုတွေ အားလုံး ကျန်းမာဖို့အတွက် ဆုတောင်းပေးပါ။

NOTE

NOTE

ဝေငှသူ ៖ ဒါဆိုရင် ကျွန်တော်က ဆုတောင်းပေးပါ့မယ်။

" အဖဘုရားသခင် ဒီကနေ့ ဒီမိတ်ဆွေနှင့် တန်ဖိုးရှိသော မိတ်သဟာရဖွဲ့ခွင့်ကို ပေးလို့ ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ဒီမိတ်ဆွေရဲ့ ယုံကြည်ခြင်းကို ကျန်းမာစွာ ကြီးထွားလာစေဖို့ ကူညီမစတော်မူပါ။ (ကျွန်တော်လည်း ဒီမိတ်ဆွေရဲ့ ဆုတောင်းချက်တွေအတွက် ဆုတောင်းပါတယ်) ဒီတစ်ပတ် တနင်္ဂနွေနေ့မှာ တွေ့ဆုံပြီး အတူတကွ ဝတ်ပြုကိုးကွယ်တဲ့အခါမှာ ပျော်ရွှင်မှုတွေ ပြည့်လျှံစေဖို့ မစတော်မူပါ။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်"

ဝေငှခံရသူ ៖ တကယ့်ကို ကျေးဇူးတင်ပါတယ်။ ကောင်းကောင်းပြန်ပါ။